# ဝတ္ထုတိုများတွင်တွေ့ရသော အဖြည့်စကားများ

စောမြတ်စန္ဒီလွင် [*]

**စာတမ်းအကျဉ်း**

ဤ စာတမ်းသည် ဝတ္ထုတိုများတွင် တွေ့ရသော ဇာတ်ဆောင်တို့၏ ပြောစကားက အဖြည့်စကား အသုံးပြုပုံကို လေ့လာထားခြင်း ဖြစ်ပါသည်။ ပြောသူတို့သည် မိမိ ဆိုလိုသည့် အနက်ကို ပိုမို လေးနက်မှု ရှိစေရန်၊ အနက် လျော့စေရန် တို့အတွက် အဖြည့် စကားလုံးများကို ရွေးချယ် သုံးနှုန်းလေ့ရှိကြောင်း တင်ပြထားပါသည်။ ဘာသာစကားကို လက်တွေ့ အသုံးပြုရာ၌ အဖြည့်စကားများ၏ အရေးပါမှု၊ အဆက်အစပ်ပေါ် မူတည်၍ အနက် ပြောင်းလဲမှုများကိုပါ သိရှိစေရန် ဖော်ပြထား ပါသည်။ အဖြည့်စကားများကို လေ့လာခြင်းဖြင့် ဘာသာစကား၏ သဘော သဘာဝ၊ ဘာသာစကားဆိုင်ရာ လက္ခဏာရပ်များအပြင် ပြောသူနှင့် နာသူတို့၏ ဆက်နွယ်မှု အခြေအနေများကို လေ့လာရာတွင် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

**သော့ချက်စကားလုံးများ** – အဖြည့်စကား၊ လက်တွေ့အတ္ထဗေဒ၊ အနက်သက်ရောက်မှု၊ စကားခွန်း၊ စကားလုပ်ဆောင်ချက်။

## နိဒါန်း

ဤစာတမ်းသည် ဝတ္ထုတိုများတွင် တွေ့ရသော အဖြည့်စကားများကို လက်တွေ့ အတ္ထဗေဒ သီအိုရများ ဖြင့် အခြေခံ၍ လေ့လာ တင်ပြထားပါသည်။ ဘာသာစကားကို လေ့လာရာ၌ ဘာသာစကား အသုံးပြု သူကိုပါ ထည့်သွင်း လေ့လာသော လက်တွေ့ အတ္ထဗေဒ ဘာသာရပ်တွင် အဖြည့် စကားများ သည်လည်း ကဏ္ဍခွဲ တစ်ခုအဖြစ် ပါဝင်နေပါသည်။ တစ်ဦးနှင့် တစ်ဦး စကားပြောဆိုရာတွင် ပြောဆို သည့် အကြောင်းအရာနှင့် ဆက်စပ်မှု ရှိစေရန် အဖြည့်စကားများကို အသုံးပြုကြရပါသည်။ ထို့ကြောင့် အဖြည့်စကားများကို လေ့လာသောအခါ ဝတ္ထုတိုများကို အလေ့လာခံ နယ်အဖြစ် ရွေးချယ်ခဲ့ပါသည်။ အကြောင်းအရာကို ဖော်ပြရာတွင် တိုတိုနှင့် ထိမိစွာ ဖော်ပြနိုင်ခြင်း၊ စာရေးသူတို့၏ သဘောထား အမြင်များကို ထင်ဟပ်ပြနိုင်ခြင်း၊ ဇာတ်ဆောင် အချင်းချင်း အပြန်အလှန် အပြောပုံစံများ ပါဝင်ခြင်း တို့ကြောင့် ဝတ္ထုတိုများကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။

ဝတ္ထုတို များပေါ်တွင် အခြေခံထားသောကြောင့် ထင်ရှားသော အမျိုးသမီး စာရေးဆရာမ များ ဖြစ်သည့် မိုးမိုး(အင်းလျား)၊ ခင်ခင်ထူး၊ မစန္ဒာ၊ ဂျူးတို့၏ ဝတ္ထုတိုများဖြင့် လေ့လာ တင်ပြထားပါသည်။ ထိုသို့ တင်ပြရာတွင် အဖြည့်စကား၏ သဘောသဘာဝနှင့် စာရေးသူတို့၏ အကြောင်းအရာ၊ ရည်ရွယ်ချက်များပေါ် မူတည်၍ အဖြည့်စကား သုံးလေ့ရှိပုံကို အမျိုးအစားများ ခွဲခြားကာ တင်ပြသွားပါမည်။

## အဖြည့်စကား အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သဘောသဘာဝ

အဖြည့်စကားဆိုသည်မှာ ဘာသာစကားကို အသုံးပြုရာတွင် ဆက်သွယ်မှု အဆင်ပြေချောမွေ့ စေရန် နှင့် ဆိုလိုသည့် အကြောင်းအရာကို ပိုမို ထင်ရှားစေရန်အတွက် အသုံးပြုသော စကားစဉ် အမှတ်အသားဖြစ်ပါသည်။ အဖြည့်စကားများတွင် ပြောသူတို့၏ သဘောထားများ၊ ယဉ်ကျေးသိမ်မွေ့ မှုများ၊ သွယ်ဝိုက‌ပြောဆိုမှုများထင်ဟပ်နေကြောင်းကို တွေ့ရပါသည။ အဖြည့်စကားများသည် စကား

---

[*] ကထိက၊ ဒေါက်တာ၊ မြန်မာစာဌာန၊ ဟသ်ာတတက္ကသိုလ်

ပြောသူချင်း လတ်တလောအသုံးပြုသည့် စကားမျိုးဖြစ်သည့်အတွက် သက်ဝင်လှုပ်ရှား နေသည်နှင့်အမျှ ထိုစကား၏ နောက်ကွယ်တွင် လူမှုဆက်ဆံရေးသဘောမားကို သိမ်မွေ့စွာထင်ဟပ်ပြလျက်ရှိပါသည်။ လူတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်သွယ်ကြရာတွင် စကားပြောသည့်အခါ အချို့ အကြောင်းအရာများသည် စိတ်ထဲတွင် ပေါ်လာသည့်အတိုင်း ချက်ချင်း ပြောရခြင်း ဖြစ်သည် အတွက် ပြောမည့်စကားကို ကြိုတင်ပြင်ဆင်ချိန် မရပေ။ ထို့ကြောင့် ရှေ့နောက် အဆက်အစပ်ကို အဆင်ပြေစေရန် အဖြည့်စကားများကို အသုံးပြုကြရပါသည်။

**အဖြည့်စကား အဓိပ္ပာယ်ဖွင့်ဆိုချက်**

ဘာသာစကားကိုသုံးရာတွင် အများအားဖြင့်ပြောသည့်စကား၏ ဆိုလိုချက်အတိုင်း ရည်ရွယ်၍သုံးလေ့ရှိသကဲ့သို့ ပြောသည့်ဆိုလိုချက်ထက် ပိုရည်ရွယ်၍လည်း သုံးလေ့ရှိသည်။ ပြောသူ ဆိုလိုသော အနက်အဓိပ္ပာယ်က ပြောသည့်စကားထက် ပိုလွန်နေသောအခါ စကားဖြင့်ထုတ်မပြော သော မမြင်ရသည့်အနက်ကို နာသူကပြောသူ၏ စကားမှတစ်ဆင့် ကောက်ချက်ချပြီး ဖော်ထုတ် နားလည်ရသည်။ ထိုသို့ နားလည်သဘောပေါက်ရန်အတွက် အဖြည့်စကားများက အထောက်အကူ ပြုကြောင်းတွေ့ရပါသည်။ စကားပြောဆိုရာတွင် ထောက်ပံ့ဖြည့်စွက်ပေးသောကြောင့် အဖြည့်စကားဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် အဖြည့်စကားများသည် ဘာသာစကား၏ အနက်အဓိပ္ပာယ်ကို သာမက ဘာသာစကားကို အသုံးပြုပြောဆိုနေသည့် အခြေအနေများကို လေ့လာရာတွင်အရေးပါသော အစိတ် အပိုင်းတစ်ခုဖြစ်သည်။

အဖြည့်စကားနှင့် သက်ဆိုင်သည့် ဖွင့်ဆိုချက်ကို အင်္ဂလိပ်ဘာသာစကားတွင် “hedge” ဟု ခေါ် သည်။ “hedge” ကို အင်္ဂလိပ်–မြန်မာ အဘိဓာန်တွင် —

“ n – ချုံတန်းစည်းရိုး၊ ခရိုး။

အရံအတား။

v – ချုံတန်း၊ ပင်တန်းများဖြင့် စည်းရိုးကာသည်။

ဝေ့လည်ကြောင်ပတ် ဖြေသည်။

ချုပ်ချယ်သည်၊ ကန့်သတ်သည်ဟု အနက်ဖွင့်သည်။(မြန်မာစာအဖွဲ့၊ ၂၀၀၇၊ ၆၅၀)

အဖြည့်စကားသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်သွယ် ပြောဆိုမှုများတွင် ပုံမှန် ပြော စကားမှ ပြောင်းလဲ ပြောဆိုနိုင်ရန်အတွက် အခြေအနေကိုလိုက်ပြီး ဆက်သွယ်မှု ထိရောက်စေရန် အသုံး ပြုသော စကားများ ဖြစ်သည်။ အဖြည့်စကားများကို စကားခွန်းနှစ်ခု၏ ဆက်သွယ်မှုအဖြစ် လေ့လာ နိုင်သည်။ ပြောသူသည် စကားတစ်ရပ်ကို ထုတ်ဖော် ပြောဆိုပြီးနောက် ဒုတိယစကားခွန်းကို ဆက် လက် ပြောဆိုနိုင်ရန်အတွက် အဖြည့်စကားများကို အသုံးပြုလေ့ရှိသည်။ အဖြည့်စကားများကို ပြောသူ က အကြောင်းအရာ တစ်ရပ်ကို ဖော်ပြ အသိပေးရာ၌ မိမိစကားကို စိတ်ဝင်စားစေလိုသည့် အခြေအနေ များ၊ သူတစ်ပါးကို ထိခိုက်စေသော ပြုမူပြောဆိုမှုများကို လျော့ပါးစေရန် သုံးနှုန်းကြခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အဖြည့်စကားကို —

“ပြောဆိုသည့် အကြောင်းအရာ တစ်ရပ်ကို လိုအပ်သည်ထက် ပိုမိုပြောဆိုလိုခြင်း ကြောင့် လည်းကောင်း၊ အကြောင်းအရာ တစ်ရပ်ကို လျှော့၍ ပြောဆိုလိုခြင်းကြောင့် လည်းကောင်း၊ စကားပြောဆိုမှု အခြေအနေ တစ်ရပ်ကို ထိန်းညှိ ပေးစေလိုခြင်းကြောင့် လည်းကောင်း၊ စကားခွန်း တစ်ခုနှင့် တစ်ခုကြား ဆက်စပ်မှုရှိစေရန် ပြောဆိုသုံးနှုန်း သော ဆက်သွယ်ရေး ဆောင်ရွက်ချက် ဖြစ်သည်” ဟု ဆိုနိုင်ပါသည်။

## အဖြည့်စကား၏ သဘောသဘာဝ

လူတစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်သွယ် ပြောဆိုမှုများတွင် စကားပြော အဆင်ပြေချောမွေ့စေရန် အဖြည့်စကားများကို သုံးလေ့ရှိကြောင်းတွေ့ရပါသည်။ အဖြည့်စကားများသည် စကားလုံး(သို့မဟုတ်)ပုဒ်များ၊ ပုဒ်စုများ၊ ဝါကျများအနေဖြင့် စကားပြောဆိုမှုများတွင်ပါဝင်နေကြောင်း တွေ့ရပါသည်။

ပြောသူဆိုလိုသောအနက်ကု ပိုမိုလေးနက်မှုရှိစေရန်သော်လည်းကောင်း၊ နက် သက်ရောက်မှု အတိုင်းအတာကို လျော့နည်းစေရန်သော်လည်းကောင်း အဖြည့်စကားများကို အသုံးပြုကြပါသည်။ ယဉ်ကျေးဖွယ်ရာ အသုံးပြုသော စကားများတွင်လည်း အဖြည့်စကားများကို အသုံးပြုပါသည်။ ထို့ပြင် စကားခွန်းကို သဘောတူလိုက်လျောမှု မရသောအခြေအနေများတွင်လည်း အသုံးပြုကြပါသည်။

ထို့ကြောင့် ဒေးဗစ်ခရစ္စတယ်က –

> "လက်တွေ့အတ္ထဗေဒတွင် စကားစဉ်စိစစ်မှုကို လေ့လာရာ၌ ယေဘုယျဆန်သောစကားလုံးများမှ တစ်သားတည်းမဖြစ်လိုသောအခြေအနေ (သို့မဟုတ်) ဝေ့ဝိုက် ပြောဆိုလိုသောအခြေအနေ၊ ရှင်းလင်းပြတ်သားမှုမရှိသော အခြေအနေ (သို့မဟုတ်) ဆိုလိုသည့်အချက်ကို အလေးပေးလိုသည့် အခြေအနေများကို အဖြည့် စကားဖြင့် ဖော်ထုတ်နိုင်ပါသည်။ ထို့ကြောင့် အဖြည့်စကားသည် ရိုင်းသော၊ ကြမ်းတမ်းသော စကားအသုံးအနှုန်းများကို နားခံသာအောင်သုံးသည့် သဘော၊ စကားအသုံးများကို ထိန်းချုပ်လိုသည့်သဘော၊ စည်းရုံးသည့်သဘောနှင့် မရဲတရဲပြောသည့် သဘောများတွင် သုံးလေ့ရှိပါသည်။ အချို့နေရာများတွင် အဖြည့်စကားများကို ညွှန်ကြားချက် အနေဖြင့်လည်း အသုံးပြုကြပါ သည်" ဟူ၍ ဖော်ပြထားပါသည်။ (Crystal, 1983, 125 )

ထို့ပြင် အဖြည့်စကားများကိုဝါကျတစ်ခု၏ အစပျိုးသည့်အခါတွင်သာ သုံးရမည်၊ အဆုံးတွင်သာသုံးရမည်ဟူသော ပုံသေနေရာသတ်မှတ်ချက်မရှိကြောင်း တွေ့ရသည်။ တစ်ခါတစ်ရံ ဝါကျ၏အလယ်တွင်လည်း ဖြစ်နေတတ်ပါသည်။ ထို့ကြောင့် အဖြည့်စကားများသည် စကားခွန်း၏ ရှေ့ဆုံးနှင့် နောက်ဆုံးတွင်သာ ရှိရမည်ဟု မယူဆနိုင်ပေ။ စကားခွန်း၏ မည်သည့်နေရာတွင် ရှိစေကာမူ အဖြည့်စကား၏သဘောကို ဖော်ဆောင်နိုင်သောစကားစုကိုပင် အဖြည့်စကားဟု သတ်မှတ်ရမည် ဖြစ်ပါသည်။

ချုပ်၍ဆိုရလျှင် အဖြည့်စကားသည် ပြောသူ၏ဆိုလိုချက်များကို နားလည်လက်ခံမှု ရှိစေရန် အတွက် အထောက်အကူပြုသည်ဟု ဆိုနိုင်ပါသည်။ အဖြည့်စကား၏ သဘောသဘာဝအရ ဝါကျတစ်ခုတွင် ပါဝင်သောအဖြည့်စကားများက ဖယ်ထုတ်ချန်ထား၍ ရကြောင်းလည်းတွေ့ရသည်။

သာဓက –

"ကြားပြီးပြီလား ... မြမြက နိုင်ငံခြားသွားတော့မလိုတဲ့'

တွင် 'ကြားပြီးပြီလား' ဟူသော အဖြည့်စကားကို ဖြုတ်ထား၍ 'မြမြက နိုင်ငံခြားသွားတော့မလို့ တဲ့' ဟု သုံးနှုန်းနိုင်ပါသည်။ သို့သော် အဖြည့်စကားကိုထည့်၍ သုံးနှုန်းခြင်းအားဖြင့် ပြောသူ ဆိုလိုသော အကြောင်းအရာကို နာသူများအနေဖြင့် ပိုမိုစိတ်ဝင်စားလာသည့် အခွင့်အလမ်း တိုးပွားလာနိုင်သည်ကို တွေ့ရပါသည်။

## ဝတ္ထုတိုများတွင်တွေ့ရသော အဖြည့်စကားများ

အဖြည့်စကားများကို လေ့လာရာတွင် နေ့စဉ်သုံး အပြောစကားများကို အလေ့လာခံအဖြစ် သတ်မှတ်ကာ လေ့လာခြင်းဖြစ်သည့်အတွက် အပြန်အလှန် အပြောစကားများပါသော ဝတ္ထုတိုများကို ရွေးချယ်၍လေ့လာမှုပြုခဲ့ပါသည်။ စာရေးသတုသည် မိမိတို့အလေးထားလိုသည့်အချက်ကိုထင်ရှားစေရန် မိမိရေးသားလိုသောအကြောင်းအရာနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် လူ့သဘောသဘာဝကို

ပေါ်လွင်စေ ရန်တို့အတွက် ဇာတ်ဆောင်တို့၏ ပြောစကားများတွင် အဖြည့်စကားများကို သုံးလေ့ရှိကြပါသည်။ ထို့ပြင် အကြောင်းအရာပေါ်မူတည်၍ ဇာတ်ဆောင်တို့၏ ပြောဆိုမှုများတွင် အခြေအနေနှင့်လိုက်ဖက်အောင် ရေးသားသောအခါ အဖြည့်စကားသုံးနှုန်းပုံ ကွာခြားသွားလေ့ရှိကြောင်း တွေ့ရပါသည်။ ထို့ကြောင့် အဖြည့်စကားများလေ့လာမှုကို ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်ပြောစကားများအပေါ်တွင် အခြေခံ၍လေ့လာထားပါသည်။

**အဖြည့်စကား အမျိုးအစားများ**

ဝတ္ထုတိုများတွင် တွေ့ရသော အဖြည့်စကားများကို ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်ပြောသော စကားခွန်းများပေါ်အခြေခံ၍ အောက်ပါအတိုင်း အမျိုးအစားခွဲခြားနိုင်ပါသည်။ ယင်းတို့မှာ –

(၁) ဆုံးဖြတ်ချက်ဆိုင်ရာ အဖြည့်စကားများ
(၂) အသုံးချမှုဆိုင်ရာ အဖြည့်စကားများ
(၃) တာဝန်ယူမှုဆိုင်ရာ အဖြည့်စကားများ
(၄) အပြုအမူဆိုင်ရာ အဖြည့်စကားများ
(၅) ရှင်းလင်းတင်ပြမှုဆိုင်ရာ အဖြည့်စကားများ တို့ဖြစ်သည်။

**ဆုံးဖြတ်ချက်ဆိုင်ရာ အဖြည့်စကားများ**

ဆုံးဖြတ်ချက်ဆိုင်ရာ အဖြည့်စကားများသည် ပြောသူ၏သဘောထားကို နာသူသိရှိအောင် ပြောသောစကားမျိုး ဖြစ်ပါသည်။ ပြောသူ၏ထင်မြင်ချက်၊ ဆုံးဖြတ်ချက်၊ တန်ဖိုးဖြတ်ချက်၊ ခန့်မှန်းချက်၊ အဆင့်အတန်းသတ်မှတ်ချက် စသည်တို့နှင့်သက်ဆိုင်ပါသည်။ ဆုံးဖြတ်ချက်ဆိုင်ရာ အဖြည့်စကားများကို အောက်ပါအတိုင်း တွေ့ရပါသည်။

> "အင်း ငါထင်တော့ထင်သားပဲ၊ နင်ကအလုပ်သာ ကောင်းကောင်းမလုပ်ချင်တာ၊ လူကြီးတွေနဲ့ကျတော့လည်း အဆင်ပြေအောင်မဆက်ဆံဘူး" (မိုးမိုး(အင်းလျား)၊ ၂၀၀၃၊ ၁၀၁)

> "အဘိုးလည်း တစ်နေ့နေ့ တစ်ချိန်ချိန်များ လူအိုရုံကိုပဲ ရောက်လိမ့်မယ် ထင်ပါရဲ့ ကွယ်" (စန္ဒာ၊ မ၊ ၂၀၀၈၊ ၁၄၈)

> "ဒါပေမဲ့ ခရေပွင့်လေးတွေဟာ အကြွေမို့၊ အနွမ်းမို့ဆိုပြီး တန်ဖိုးလျော့မသွားဘူး သမီး၊ ဘာလို့လဲဆိုတော့ သူက သိပ်ပြီးမွှေးတာကိုး"(စန္ဒာ၊ မ၊ ၂၀၀၆၊ ၉၉)

> "ချိုတင်က ကိုအေးမောင်ကြီး ရိုးသယ် အေးသယ်နဲ့ ယောကျ်ားဆိုသာ အဲသလို ကျားစီး ဖားစီးရှိမှ စီးပွားဖြစ်သာတဲ့ဗျား၊ မဟုတ်မှလွဲရော"(ခင်ခင်ထူး၊ ၂၀၀၉၊ ၂၅၇)

တို့တွင် တွေ့ရသောအဖြည့်စကားများမှာ ပြောသူ၏ သဘောထားအမြင်များကို ဖော်ပြပေးနေကြောင်း တွေ့ရပါသည်။ ပြောသူယုံကြည်မှု (သို့မဟုတ်) သဘောထားကို နာသူသိရှိအောင် လုပ်ဆောင်ပေးကြောင်းတွေ့ရသည်။ ဆုံးဖြတ်ချက်ဆိုင်ရာ အဖြည့်စကားများသည် တစ်ဖက်လူအပေါ် ဝန်မပိုအောင် ပြောလိုသည့်သဘောနှင့် တစ်ဖက်လူနှင့်ပေါင်းဖွဲ့လိုသောသဘောများတွင် ပြောဆိုသုံးနှုန်းခြင်း ဖြစ်ကြောင်းတွေ့ရပါသည်။

**အသုံးချမှုဆိုင်ရာ အဖြည့်စကားများ**

အသုံးချမှုဆိုင်ရာ အဖြည့်စကားများသည် ပြောသူက နာသူကို တစ်စုံတစ်ရာ လက်ခံစေလိုသောကြောင့် ပြောသောစကားမျိုး ဖြစ်ပါသည်။ ပြောသူ၏ အကြံပေးခြင်း၊ သတိပေးခြင်း၊ အမိန့်ပေးခြင်း၊ ချိန်းဆိုခြင်း၊ အခွင့်အရေးကို အသုံးချခြင်း၊ ဩဇာအာဏာကို အသုံးချခြင်း စသည်တို့နှင့် သက်ဆိုင်ပါသည်။ အသုံးချမှုဆိုင်ရာ အဖြည့်စကားများမှာ —

> "နေစမ်းပါဦး၊ နာမည်ကြောင့် စိတ်မဝင်စားရဘူးဆရင် ဘာ့ကြောင့် ကျုပ်ကစိတ်ဝင်စားရမှာတုံး၊ တော်ကစာဖြင့် မတော်ဘဲနဲ့"(ဂျူး၊ ၁၉၉၇၊ ၂၈၆)

> "အေးရှင် လူပင်ပန်းစိတ်ပင်ပန်း ဖြစ်သွားသာပါ၊ နားနားနေနေ နေပါစေ၊ သူစား ချင်ရာကျွေး၊ စားပါစေ အားလုံးတည့်သယ်။ တစ်ခုတော့ရှိရဲ့ ... နည်းနည်း ကလေး ထူထူထောင်ထောင် ရှိလာရင်တော့ ပန်းညိုရွာကို ချက်ချင်းလိုက်ပို့ လိုက်ဦး" (ခင်ခင်ထူး၊ ၂၀၀၈၊ ၂၀၇)

> "ဘာပဲဖြစ်ဖြစ် ရှင့်ယောကျ်ားက ရှင့်ကိုချစ်တယ် မဟုတ်လား"(မိုးမိုး(အင်းလျား)၊ ၂၀၀၃၊ ၇၄)

> "ဟုတ်ပါရဲ့ကွယ်၊ ရာသီဥတုလည်း ပူပြင်းလိုကတာ၊ ခေါင်းကိုက်ချင်စရာကြီး။ ဒီနှစ်နွေကို ခါတိုင်းနဲ့ မတူဘူး" (စန္ဒာ၊ မ၊ ၂၀၀၈၊ ၃၀)

တို့တွင် သတင်းအချက်အလက်တစ်ခုကို သိစေလိုသော အခြေအနေများတွင် ဇာတ်ဆောင်တို့၏ စိတ်အမူအရာကို ပေါ်လွင်စေရန် အဖြည့်စကားများဖြင့် သုံးထားပါသည်။ အသုံးချမှုဆိုင်ရာ အဖြည့်စကားများကို ကြည့်လျှင် ပြောသူက နောက်တွင်ပြောဆိုမည့် အကြောင်းအရာကို နာသူက လက်ခံမှုရှိစေရန်အတွက် သုံးထားခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

## တာဝန်ယူမှုဆိုင်ရာ အဖြည့်စကားများ

တာဝန်ယူမှုဆိုင်ရာ အဖြည့်စကားများသည် ပြောသူက မိမိပြုလုပ်မည့် ဆောင်ရွက်ချက်တစ်ခုခု အတွက် ပြောသောစကားမျိုး ဖြစ်ပါသည်။ ပြောသူ၏ ကတိပေးခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း၊ အာမခံခြင်း၊ သဘောတူခြင်း၊ အလုပ်လက်ခံခြင်း စသည်တို့နှင့် သက်ဆိုင်ပါသည်။ တာဝန်ယူမှုဆိုင်ရာ အဖြည်စကားများကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

> "အို ... လတ်သာတော့ ပြောမနေနဲ့၊ မနက်ကမှ ကြော်တာဒေါ်၊ မလတ်ရင် ကျုပ်တို့ ဆမိတ်ခံ နာမည်ပျက် ကြာလှပေါ့"(ခင်ခင်ထူး၊ ၂၀၀၈၊ ၂၀၁၉)

> "ဟုတ်ပါရဲ့ဟယ် ... ငါကလည်း တစ်နေ့တခြား ဝလာတာ သိပ်များ ဝ နေပြီလား မသိဘူး" (စန္ဒာ၊ မ၊ ၂၀၀၈၊ ၁၀၅)

> "အိုး ... ကျွန်မဘေးနားက ယောကျ်ားတွေပေါ့ မောင်ရဲ့။ မောင့်အဖေရယ်၊ မောင့်အဘိုးရယ်လေ။ အင်း ဒါပေမဲ့ အမှန်အတိုင်းဝန်ခံရရင် ကျွန်မ သူတို့ကို ချစ်တယ်" (ဂျူး၊ ၁၉၉၇၊ ၂၉၆)

တို့တွင် တွေ့ရသော အဖြည့်စကားများသည် ပြောသူ၏ ဩဇာသက်ရောက်မှုရသော စကားလုပ်ဆောင်ချက်များ ဖြစ်ပါသည်။ တာဝန်ယူမှုဆိုင်ရာ အဖြည့်စကားများကိုကြည့်လျှင် အကြောင်းအရာတစ်ခုကို သိစေလိုသောအခါ၊ သတင်းအချက်အလက်ကို သိစေလိုသောအခါများတွင် မိမိဆိုလိုချက် ကို ဖော်ပြနိုင်ရန်အတွက် ပြောဆိုသုံးနှုန်းခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

## အပြုအမူဆိုင်ရာ အဖြည့်စကားများ

အပြုအမူဆိုင်ရာ အဖြည့်စကားများသည် ပြောသူ၏ စိတ်ခံစားမှု၊ သဘောထားကို နာသူသိရှိအောင်ပြောသော စကားလုံးလုပ်ဆောင်ချက်မျိုး ဖြစ်သည်။ တောင်းပန်ခြင်း၊ ဝမ်းမြောက်စကားဆိုခြင်း၊ ဝမ်းနည်းစကားဆိုခြင်း၊ မေတ္တာပို့ခြင်း၊ စိန်ခေါ်ခြင်းစသည်တို့နှင့် သက်ဆိုင်သည်။ အပြုအမူဆိုင်ရာ အဖြည့်စကားများမှာ —

> "ဆရာမရယ် ... ပြောမပြောချင်ပါဘူး၊ မကျေးက မက်လုံးကြီးလွန်းလို့ပါ၊ နေ့လယ်က ဟိုဘက်တဲတွေသွားပြီး ပိုလိုကားထပ်တာလေ၊ ငွေတစ်ရာရှုံးသတဲ့။ ဖြစ်ရပုံများ ဆရာမရယ်၊ ဟီး ... ကျွန်မတို့မှာ ငွေတစ်ရာမပြောနဲ့ ကလေးမုန့်ဖိုးတောင် မနည်းကြး" (ခင်ခင်ထူး၊ ၂၀၀၉၊ ၁၈၇)

> "ဖြစ်မှဖြစ်ရလေ ခင်ဝင်းသီရယ်၊ နင့်လောက် ရုပ်ရှင်ကြည့်တာလည်း နင်ပဲရှိတယ် ဒါနဲ့များ ကြောက်နေရသေးလား၊ ဒါဟာ တကယ်ဖြစ်တာမှ မဟုတ်ဘဲ"(ဂျူး၊ ၂၀၀၃၊ ၁၉၅)

> “အမယ် ပြောမှပြောရက်တယ်ဟယ် နင်တောင် ငါ့ထက် လခများပြီး မလောက် တဲ့ သူကများ” (မိုးမိုး(အင်းလျား)၊၂၀၀၃၊ ၁၀၁)

> “သူနဲ့သူ့မိန်းမက ခဏခဏရန်ဖြစ်ပြီး ခဏခဏအိမ်ပေါ်က ဆင်းနေတော့ ကလေးကို ကာကွယ်ဆေးတိုက်တာတွေ ထိုးတာတွေကို ဘာမှသတိမထားမိဘူးတဲ့ မေမေရ၊ ကောင်းကြရော” (စန္ဒာ၊ မ၊ ၂၀၀၈၊ ၁၆၃)

စသည်တို့တွင် ပြောသူက မိမိသဘောထားကို အလေးပေးလိုသောကြောင့် အဖြည့်စကားများသုံးထားကြောင်းကိုတွေ့ရပါသည်။ အပြုအမူဆိုင်ရာ အဖြည့်စကားများကို ကြည့်လျှင် ပြောသူနှင့် နာသူကြားရှိ နီးစပ်မှုအတိုင်းအတာအရ ပြောဆိုသောစကားမျိုးဖြစ်ကြောင်း တွေ့ရသည်။ ပြောသူနှင့်နာသူတို့အကြားတွင် ပေါင်းစည်းလိုဟန်၊ ကရုဏာသက်ဟန်၊ ထေ့ငေါ့ဟန်၊ ရင်းနှီးဟန်များကို ပေါ်လွင်အောင်ဖော်ပြနိုင်ကြောင်းတွေ့ရပါသည်။

## ရှင်းလင်းတင်ပြမှုဆိုင်ရာ အဖြည့်စကားများ

ရှင်းလင်းတင်ပြမှုဆိုင်ရာ အဖြည့်စကားများသည် ပြောသူနှင့် နာသူကြားရှိ လူမှုအဆင့်ကွာဟမှုကို လျှော့ချနိုင်သောစကားမျိုးဖြစ်သည်။ ပြောသူက မိမိ၏ဆိုလိုချက်ကို ထုတ်ဖော်ခြင်း၊ ရှင်းလင်းတင်ပြခြင်း၊ ငြင်းဆိုခြင်း စသည်တို့နှင့် သက်ဆိုင်သည်။

> “အမှန်ကတော့ ပိုလီယိုဆိုတာ အခုအချိန်မှာ ဖြစ်ရမယ့်ရောဂါကို မဟုတ်တော့ဘူး၊ နိုင်ငံနှင့်အဝန်း စီမံကိန်းချပြီး ကာကွယ်ဆေးတွေ တုက်ပေးနေတာကြာလှပြီ ဖေဖေ ရဲ့” (စန္ဒာ၊ မ၊ ၂၀၀၈၊ ၁၆၃)

> “ဆိုပါတော့ မင်းကို ကိုယ်အလုပ်တစ်ခုပေးချင်လို့ စိတ်ဝင်စားစရာကောင်းမယ့် အလုပ်ပါ” (ဂျူး၊ ၁၉၉၇၊ ၄၀)

> “ကျွန်မလည်း ပြောပါတယ်ဆရာမရယ် ရှင်းရှင်းပြောရရင် သူတို့မှာက စာမေးပွဲ တစ်နှစ်ကျလည်း မထောင်းသာဘူး။ ကျွန်မတို့မှာ တစ်နှစ်ဆို ဆိုသလောက် မဟုတ် လား ဆရာမရယ်” (စန္ဒာ၊ မ၊ ၂၀၀၆၊ ၁၀၃)

> “ငါကအလုပ်လုပရင် အဲသလိုဖြစ်တတ်သာ ငါ့ကိုယ်ငါလည်းသိပါရဲ့အလုပ်လုပ်တော့ အမှားမကင်းဘူးပေါ့ဟ။ ဒါပေမယ့်ပြောပါပကော မှားရင်းမှားရင်းနဲ့ပဲရှေ့တိုးလုပ်ရသာကို” (ခင်ခင်ထူး၊ ၂၀၀၈၊ ၈၉)

တို့တွင်တွေ့ရသော အဖြည့်စကားများကိုကြည့်လျှင် ပြောသူက နာသူနားလည်လက်ခံလာမှု ရှိလာစေရန် ရှင်းပြလုသည့်သဘော၊ တစ်ဖက်လူအပေါ် ဝန်မပိုအောင် ပြောလိုသည့်သဘောနှင့် မယုတ်မလွန် ပြောဆိုသည့်သဘောကို တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤ စာတမ်းသည် ဝတ္ထုတိုများမှ စာရေးသူတစ်ဦးချင်းစီ၏ ရေးဟန်များတွင် တွေ့ရသော ဇာတ်ဆောင်တို့၏ပြောစကားမှ အဖြည့်စကား သုံးနှုန်းလေ့ရှိပုံကို လေ့လာ တင်ပြထားခြင်းဖြစ်ပါသည်။ အဖြည့်စကားများကို လေ့လာတင်ပြခဲ့ရာ၌ မြန်မာ ဘာသာစကားအတွင်းရှိ အပြန်အလှန်ပြောစကား များ၏ အနက်သက်ရောက်မှု သဘောတရားများပေါ် မူတည်၍ အဖြည့်စကား သဘောသဘာဝကို သုံးသပ်ပြထားခြင်း ဖြစ်ပါသည်။ အဖြည့်စကား သဘောသဘာဝနှင့် အသုံးပြုသောဝါကျ၊ အကြောင်း အရာတို့၏ အဆက်အစပ်များပေါ်မူတည်၍ အဖြည့်စကားအမျိုးအစားများဟူ၍ ခွဲခြားကာတင်ပြထားပါသည်။ အဖြည့်စကားများကို သုံးနှုန်းရာနယ်ပယ်အလိုက် ခွဲခြားထားသော်လည်း တစ်ဦးနှင့်တစ်ဦးဆက်သွယ်မှုပုံစံများတွင် အလေးပေးလိုသော အကြောင်းအရာကို ပေါ်လွင်စေရန်၊ ဆိုလိုသည့်အချက်ကို နားလည်လက်ခံစေရန်၊ မယုတ်မလွန်ပြောဆို၍ အနက်ဆိုးဝါးမှုများကို ရှောင်ရှား

စေရန်စသည့် အဖြည့်စကားများ၏ သဘောများပေါ်တွင် အခြေခံ၍တင်ပြထားခြင်းဖြစ်ပါသည်။ အဖြည့်စကားများသည် စကားပြောဆိုရာတွင် လိုက်လျောညီထွေမှုရှိ အောင်သံးခြင်းဖြစ်သည့်အတွက် ပြောနေသည့်စကားကို ဆက်ပြောနိုင်ရန်ထောက်ပံ့ပေးကြောင်းတွေ့ရသည်။ အဖြည့်စကားများသည် ဆက်သွယ်ရေးလမ်းကြောင်း ပွင့်စေခြင်း၊ ဆက်ဖွင့်ပေးခြင်းနှင့် စကားလမ်းကြောင်းပိတ်ဆို့ခြင်းတို့ကိုလည်းဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ပြောသူတို့ကအဖြည့်စကားများကို ထည့်ပြောသည့်အတွက် နာသူတို့နှင့် အပေးအယူမျှမျှဆက်သွယ်နိုင်ပြီး ပြောသူဆိုလိုသောအနက်ကို နာသူကမှန်ကန်စွာ ကောက်ချက်ဆွဲနိုင်သည့် အကျိုးတရားကိုလည်းရရှိနိုင်ပါသည်။

ဝတ္ထုတိုများတွင် တွေ့ရသော အဖြည့်စကားများကို လေ့လာခြင်းဖြင့် စာရေးသူ တစ်ဦးချင်းစီ၏ ရေးဟန်များ၊ ဘာသာစကား ရွေးချယ်အသုံးပြုပုံများကို လေ့လာတွေ့ရပါသည်။ ဇာတ်ဆောင် အချင်းချင်းအပြန်အလှန် ပြောဆိုရာတွင် အဖြည့်စကားများကို သုံးထားခြင်းအားဖြင့် ပြောသူ၏ လေသံနှင့် ပြောဟန်ကိုပေါ်လွင်လာစေပါသည်။ ထို့ကြောင့် ပြောသူ၏လေသံ၊ ပြောဟန်များတွင် ထင်ဟပ်နေသော ဇာတ်ဆောင်တို့၏ စရိုက်သဘာဝများကိုလည်း သက်ဝင်လှုပ်ရှားစေသည်ကိုတွေ့ရပါသည်။ အဖြည့်စကားများသည် စကားပြောသူချင်း လတ်တလောအသုံးပြုသည့် စကားမျိုးဖြစ်သည့်အတွက် သက်ဝင်လှုပ်ရှားနေသည်အမျှ နောက်ကွယ်တွင် လူမှုဆက်ဆံရေးသဘောများကို သိမ်မွေ့စွာထင်ဟပ်ပြနေကြောင်းတွေ့ရှိရပါသည်။

## နိဂုံး

ဤစာတမ်းမှာ ဝတ္ထုများတွင် တွေ့ရသောဇာတ်ဆောင်တို့၏ ပြောစကားများကအဖြည့်စကားများကိုလေ့လာထားခြင်းဖြစ်ပါသည်။ စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တစ်ဦးနှင့် တစ်ဦးဆက်သွယ်ပြောဆိုရာတွင် လူမှုအနေအထားအရ အကြောင်းအရာတစ်ခုကို စကားလုံးများဖြင့် အတိအလင်းဖော်ပြခြင်းမရှိသော်လည်း အနက်အဓိပ္ပာယ်ဖော်ထုတ်ရာ၌ အဖြည့်စကားများက များစွာအထောက်အကူပြုနိုင် ကြောင်းတွေ့ရပါသည်။ ထို့ပြင်အဖြည့်စကားများသည် စကားလုံးလည်းဖြစ်နိုင်သကဲ့သို့ပုဒ် (သဒ္ဒမဟုတ်)ဝါကျလည်းဖြစ်နိုင်သည်။ ပြောဆိုလိုသော အကြောင်းအရာ တစ်ရပ်အတွက် သင့်လျော်သောစကားများကို အလွယ်တကူပြော၍မရသောအခါများတွင် အဖြည့်စကားများကို အသုံးပြုကြသည်။ ထို့ကြောင့် အဖြည့်စကားများသည် ဝါကျတည်ဆောက်ရာတွင်လည်း ဖြည့်ဆည်းပေးနိုင်မည်ဟုယူဆမိပါသည်။

## ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးပါသော ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာသိဂီရွှေ၊ ဟင်္သာတတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာရီရီသန်း၊ ဟင်္သာတတက္ကသိုလ်နှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာချိုကြည်သန်း၊ ဟင်္သာတတက္ကသိုလ်အား လည်းကောင်း၊ ဟင်္သာတတက္ကသိုလ် သုတေသနဂျာနယ်ဖြစ်မြောက်ရေး အဖွဲ့ဝင်များအားလည်းကောင်း၊ မြန်မာစာဌာနပါမောက္ခ(ဌာနမှူး) ဆရာမကြီး ဒေါက်တာတင်တင်ရွှေနှင့် ပါမောက္ခဆရာမကြီး ဒေါက်တာဥမ္မာမြင့်တို့ အားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။

## ကျမ်းကိုးစာရင်း

ခင်ခင်ထူး။ (၂၀၀၆)။ ***ပါးကွက်ကျား ဝတ္ထုတိုများ***။ ရန်ကုန်၊ ရူပံစာအုပ်တိုက်။

ခင်ခင်ထူး။ (၂၀၀၈)။ ***လှည်းယဉ်ကြော ဝတ္ထုတိုများ*** ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

ခင်ခင်ထူး။ (၂၀၀၉)။ ***ရက်ကန်းလွန်း ဝတ္ထုတိုများ***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၉၄)။ ***စကားပြေသဘောတရား စကားပြေအတတ်ပညာ(ဒုကြိမ်)***။ ရန်ကုန်၊ စာပေလောက စာအုပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၅)။ ***သက်တံ့ရောင်စုံ ဘာသာစကား***။ ရန်ကုန်၊ ကြယ်နီစာပေတိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၀)။ ***လက်တွေ့အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ ဒေါင်းစာပေ။

ခင်အေး၊ ဒေါက်တာ။ (၂၀၀၄)။ ***အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ စန်းရောင်ရှိန်စာပေတိုက်။

ဂျူး။ (၁၉၉၇-က)။ ***ရာဇဝင်ထဲမှာ မောင့်ကိုထားရစ်ခဲ့နှင့် အခြားဝတ္ထုတိုများ (ဒု-ကြိမ်)***။ ရန်ကုန်၊ ဂျူးစာပေ။

ဂျူး။ (၁၉၉၇-ခ)။ ***ကျွန်မချစ်သော ယောကျ်ားများနှင့် အခြားဝတ္ထုတိုများ*** ။ ရန်ကုန်၊ ဂျူးစာပေ။

ဂျူး။ (၂၀၀၅)။ ***ကောင်းကင်မပါသောညနှင့် အခြားဝတ္ထုတိုများ (ဒု-ကြိမ်)***။ ရန်ကုန်၊ ဂျူးစာပေ။

စန္ဒာ၊ မ။ (၂၀၀၆)။ ***ပန်းပွင့်ခရေနှင့် အခြားဝတ္ထုတိုများ။*** ရန်ကုန်၊ ပါရမီစာပေ။

စန္ဒာ၊ မ။ (၂၀၀၈)။ ***ဝတ္ထုတိုများ-၇။*** ရန်ကုန်၊ ပါရမီစာပေ။

မိုးမိုး (အင်းလျား)။ (၂၀၀၃)။ ***ဝတ္ထုတိုများ-၄။*** ရန်ကုန်၊ စာပေလောကစာအုပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၆)။ ***အင်္ဂလိပ်မြန်မာအဘိဓာန်***။ ရန်ကုန်၊ တက္ကသိုလ်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်။*** ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၅)။ ***လူမှုဘာသာဗေဒသဘောတရား။*** ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန။

## အင်္ဂလိပ်ဘာသာ

Crystal, David၊ (1983)။ A First Dictionary of Linguistics and Phonetics. 2 nd Impression. London: The Trinity Press